**THAILAND**

23 April – 2 May 2016

# MEDIA MONITORING REPORT # 146

## ငြိမ်းချမ်းရေးနှင့်ပြန်လည်ရင်ကြားစေ့ရေး

### DKBA ကရင်တပ်မတော်မှအစိုးရသစ်နှင့်အတူငြိမ်းချမ်းရေးရရှိရန်ကြိုးပမ်းမည်

Democratic Voice of Burma, 25 April 2016

တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားတပ်ဖွဲ့မှခွဲထွက်လာသည့်ဒီမိုကရေစီအကျိုးပြုကရင့်တပ်မတော်သည်ကရင်ပြည်နယ်တွင်ငြိမ်းချမ်းရေးရရှိရန်အတွက်အမျိုးသားဒီမိုကရေစီအဖွဲ့ဦးဆောင်သည့်အစိုးရသစ်နှင့်အတူလုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြီးခဲ့သည့်ရက်သတ္တပတ်တွင်ပြောကြားခဲ့သည်။



"အခုလက်ရှိမှာအစိုးရသစ်အနေနဲ့အာဏာအမြင့်ဆုံးမှာရှိနေပါတယ်။အစိုးရဟောင်းကလည်းသူတို့ကိုအာဏာလွှဲပေးပြီးပါပြီ ၊ ဒါကြောင့်ငြိမ်းချမ်းရေးတည်ဆောက်ဖို့အတွက်ကျွန်တော်တို့သူတို့နဲ့အတူလုပ်ကိုင်ဆောင်ရွက်သွားမှာပါ။ ငြိမ်းချမ်းရေးရရှိအောင်ကျွန်တော်တို့လျှောက်လှမ်းသွားမှာပါ" ဟုအဖွဲ့၏ဒုတိယခေါင်းဆောင်စောစတီးကသောကြာနေ့၌ဒီဗွီဘီသို့ပြောကြားခဲ့သည်။

ပြီးခဲ့သည့်လတွင်ကွယ်လွန်သွားခဲ့သည့်၎င်းတို့၏ယခင်ခေါင်းဆောင်ဖြစ်သူစောလားပွယ်နေရာတွင်ခေါင်းဆောင်သစ်အဖြစ်ဗိုလ်မှူးမိုရှေးမြင့်ကိုတရားဝင်ခန့်အပ်ရန်အတွက်DKBA တပ်မဟာ(၅)သည်အရေးပေါ်အစည်းအဝေးကိုဧပြီလ(၁၉)ရက်မှ(၂၂)ရက်နေ့အထိ၎င်းတို့၏ဌာနချုပ်ဖြစ်သောကလိုထူးဘောတွင်ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင်အဖွဲ့သစ်ခေါင်းဆောင်မှ၎င်းတို့ထိန်းချုပ်ထားသောနေရာများရှိဖွံ့ဖြိုးတိုးတက်မှုများ ၊ လူထုဆက်ဆံရေးများနှင့်စီးပွားရေးကိစ္စများစသည်တို့ကိုဆွေးနွေးခဲ့သည် ဟုမြဝတီရှိ DKBA ဆက်ဆံရေးရုံးမှအရာရှိစောစိုးမြင့်ကပြောခဲ့သည်။

**Link:** http://www.dvb.no/news/benevolent-dkba-to-seek-peace-with-government/62223

### လက်နက်ကိုင်အဖွဲ့များထိုင်းနိုင်ငံတွင်တွေ့ဆုံ

Eleven Myanmar, 30 April 2016

ကရင်အမျိုးသားအစည်းအရုံး(KNU) နှင့် သျှမ်းပြည်နယ်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)တို့မှခေါင်းဆောင်များသည်ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ရန်အတွက်ဧပြီလ(၃၀)ရက်နေ့တွင်ချင်းမိုင်၌တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်းKNUမှဗိုလ်မှူးဖော်အိုင်းဇက်ဖိုး၏ပြောကြားချက်သိရှိရသည်။

KNU ကိုယ်စားလှယ်အဖွဲ့ကို၎င်းတို့၏ဥက္ကဋ္ဌဖြစ်သူဗိုလ်ချုပ်ကြီးစောမူတူးစေးဖိုးကဦးဆောင်ခဲ့ပြီးRCSS ကိုယ်စားလှယ်အဖွဲ့ကို၎င်းတို့၏ဥက္ကဋ္ဌဖြစ်သူဒုတိယဗိုလ်ချုပ်ကြီးရွက်ဆစ်ကဦးဆောင်ခဲ့သည်။

"ဖက်ဒရယ်အကြောင်းအရာကိစ္စတွေနဲ့ပတ်သတ်ပြီးကျွန်တော်တို့အလုပ်ရုံဆွေးနွေးပွဲတစ်ခုကျင်းပခဲ့ပြီးငြိမ်းချမ်းရေးဆွေးနွေးခဲ့ကြပါတယ်" ဟု ဖော်အိုင်းဇက်ဖိုးကပြောပြခဲ့သည်။

RCSSဘက် မှ မှတ်ချက်တစ်စုံတရာမပေးခဲ့ပေ။

ပြီးခဲ့သည့်အောက်တိုဘာလတွင်တစ်နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးစာချုပ်ကိုလက်မှတ်ရေးထိုးခဲ့သည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၈)ဖွဲ့သည်မတ်လ၌လုပ်ငန်းစဉ်ချမှတ်လမ်းညွှန်ပေးသောအသင်းတစ်သင်းကိုတည်ထောင်ခဲ့ပြီးစောမူတူးဆေးဖိုးအားခေါင်းဆောင်အဖြစ်ခန့်ထားကာရွက်ဆစ်အားဒုတိယခေါင်းဆောင်အဖြစ်ခန့်အပ်ထားရှိသည်။

တစ်နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးစာချုပ်ကိုလက်မှတ်မရေးထိုးခဲ့သည့်သူများနှင့်အစိုးရအားတွေ့ဆုံရန်အတွက်အသင်းအားတည်ထောင်ခဲ့ခြင်းဖြစ်ပြီးအရေးတကြီးဆုံးဖြတ်ချက်များချမှတ်ရာတွင်လမ်းညွှန်မှုများပံ့ပိုးပေးရန်ဖြစ်သည်ဟုချင်းအမျိုးသားတပ်ဦးမှဒုတိယဥက္ကဌဖြစ်သူဆလိုင်းလိုင်မုန်းကပြောကြားခဲ့သည်။

အသင်းသည်လက်ရှိအငြင်းပွားမှုများကိုငြိမ်းချမ်းသောနည်းလမ်းဖြင့်ဖြေရှင်းရန်နှင့်ဖက်ဒရယ်စနစ်ထူထောင်ရန်အတွက်အခြားတိုင်းရင်းသားအဖွဲ့များ၊နိုင်ငံရေးပါတီများနှင့်အတူလုပ်ကိုင်ဆောင်ရွက်သွားမည်ဟု RCSS ကပြောကြားခဲ့သည်။

**Link:** http://www.elevenmyanmar.com/politics/rebel-groups-meet-thailand

## ဒုတိယပင်လုံညီလာခံအတွက်အဆင်သင့်ဖြစ်နေရန် KNU, RCSS တို့တွေ့ဆုံ

The Irrawaddy, 2 May 2016

ကရင်အမျိုးသားအစည်းအရုံး (KNU) နှင့်ရှမ်းပြည်နယ်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)တို့သည်ပြီးခဲ့သည့်တစ်ပတ်တွင်နိုင်ငံတော်အတိုင်ပင်ခံဒေါ်အောင်ဆန်းစုကြည်မှဒုတိယပင်လုံငြိမ်းချမ်းရေးညီလာခံပြုလုပ်ရန်အကြံပေးအဆိုပြုခြင်းနှင့်ပတ်သတ်ပြီးပြီးခဲ့သည့်ရက်သတ္တပတ်အလွန်တွင်ချင်းမိုင်၌သီးသန့်တွေ့ဆုံဆွေးနွေးခဲ့သည်။



"နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ကဖက်ဒရယ်နဲ့ပတ်သတ်ပြီးအာရုံစိုက်ထားတာကြောင့်ပင်လုံညီလာခံမှာဘာတွေထည့်သွင်းပါဝင်သင့်တယ်ဆိုတာကိုကျွန်တော်တို့ဆွေးနွေးနေကြပြီးနိုင်ငံရဲ့လက်ရှိနိုင်ငံရေးအခင်းအကျင်းတွေကိုလည်းဆွေးနွေးနေပါတယ် " ဟု KNU ဗိုလ်ချုပ်စောအိုင်းဇက်ဖိုးကာသတင်းထောက်များအားထိုင်းနိုင်ငံမြောက်ပိုင်းမြို့တော်တွင်ပြောကြားခဲ့သည်။

ဗုဒ္ဓဟူးနေ့၊နေပြည်တော်တွင်ကျင်းပသည့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲကော်မတီ(JMC)အစည်းအဝေးတွင်မိန့်ခွန်းပြောကြားရာ၌ပင်လုံညီလာခံအားနှစ်လအတွင်းကျင်းပရန်ဒေါ်အောင်ဆန်းစုကြည်ကတောင်းဆိုခဲ့သည်၊အစည်းအဝေးတွင်တစ်နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးစာချုပ်(NCA)အားလက်မှတ်ရေးထိုးသည့်အဖွဲ့များမှကိုယ်စားလှယ်များတက်ရောက်ပါဝင်ခဲ့ကြသည်။ယင်းစာချုပ်အားအရပ်သားတစ်ဝက်ပါဝင်သည့်ယခင်အစိုးရလက်အောက်၌အောက်တိုဘာလ(၁၅)ရက်နေ့တွင်လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

KNU ဥက္ကဌဗိုလ်ချုပ်ကြီးမူတူးစေးဖိုးသည် EAO-PPST(တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများငြိမ်းချမ်းရေးဦးဆောင်အဖွဲ့)၏ခေါင်းဆောင်ဖြစ်ပြီး RCSS ဥက္ကဌဒုတိယဗိုလ်ချုပ်ကြီးရွက်ဆစ်သည်ဒုတိယခေါင်းဆောင်အဖြစ်ထမ်းဆောင်ကာNCAလက်မှတ်ရေးထိုးသည့်အဖွဲ့များမှအခြားခေါင်းဆောင်များသည်အသင်းဝင်များအဖြစ်ပါ ဝင်ကြသည်။

Link: http://www.irrawaddy.com/burma/knu-rcss-meet-to-ready-for-second-panglong-summit.html

## MPCကိုအမျိုးသားရင်ကြားစေ့ရေးနှင့်ငြိမ်းချမ်းရေးစင်တာဗဟို ဟုအမည်ပြောင်းလဲဖွဲ့စည်းမည်

The Irrawaddy, 28 April 2016

မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC) ကိုအမျိုးသားရင်ကြားစေ့ရေးနှင့်ငြိမ်းချမ်းရေးစင်တာဗဟို(NRPC)ဟူ၍အမည်ပြောင်းလဲဖွဲ့စည်းမည်ဖြစ်ကြောင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) အစိုးရသစ်၏ခေါင်းဆောင်နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်ကအဆိုပြုခဲ့ကြောင်းသိရှိရသည်။



နေပြည်တော်၌ဗုဒ္ဓဟူးနေ့တွင်နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်နှင့်မြန်မာစစ်တပ်အဖွဲ့ဝင်များလည်းပါဝင်သည့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC)တို့တွေ့ဆုံခဲ့ရာတွင်ပြောကြားခဲ့ခြင်းဖြစ်သည်ဟု JMC ၏ဒုတိယဥက္ကဌ (၁)ဗိုလ်ချုပ်စောအိုင်းဇက်ဖိုးကရောဝတီသို့ပြောခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်၏ကိုယ်ရေးဆရာဝန်ဖြစ်သည့်ဒေါက်တာတင်မျိုးဝင်းမှအမည်ပြန်လည်မှည့်ဆိုမည့်အဖွဲ့အစည်းတွင်ဦးဆောင်ရန်တစ်ပြေးနေသည်။ကြာသာပတေးနေ့ထုတ်နိုင်ငံတော်သတင်းစာတွင်ဒေါက်တာအားမြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၌အရေးပါသောကဏ္ဍတွင်ပါဝင်မည်ဟုယူဆရကြောင်းရေးသားခဲ့သည်။ဗုဒ္ဓဟူးနေ့တွင်ကျင်းပသည့် JMC အစည်းအဝေးတွင်ဒေါ်အောင်ဆန်းစုကြည်ကတစ်နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးသဘောတူညီမှုအတွက်ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးသူအဖြစ်ဒေါက်တာတင်မျိုးဝင်းအားခန့်အပ်ထားကြောင်းကြေငြာခဲ့သည်ဟုမြန်မာ့အလင်းသတင်းစာတွင်အစီရင်ခံဖော်ပြခဲ့သည်။

"အခုလက်ရှိမှာတော့နစ်ဖက်စလုံးကခေါင်းဆောင်ပိုင်းတွေရဲ့နားလည်မှုနဲ့ဆက်ဆံရေးတွေအပေါ်အခြေခံပြီးလက်ရှိအခြေအနေတည်ငြိမ်နေတာကိုထိန်းသိမ်းဖို့အတွက်ကျွန်တော်တို့လုပ်ဆောင်ရပါအုံးမယ် "ဟုရင်းကပြောခဲ့သည်။"ခေါင်းဆောင်ပိုင်းအပြောင်းအလဲဖြစ်တဲ့အခါကျွန်တော်တို့အစကနေထပ်လုပ်ရမှာပါပဲ။"

ဒေါ်အောင်ဆန်းစုကြည်မှNRPC ရန်ပုံငွေအတွက်နိုင်ငံတကာအထောက်အပံ့များရရှိအောင်ကြိုးပမ်းမည်ဟုပြောကြားခဲ့ပြီးယင်းရန်ပုံငွေများအားသင့်တင့်လျောက်ပတ်စွာအသုံးပြုဖို့သေချာစေရန်လုပ်ဆောင်မည်ဟုJMCအတွင်းရေးမှူးရွှေခကပြောပြခဲ့သည်။

"ပြန်လည်ဖွဲ့စည်းမယ့် MPC မှာဘယ်သူတွေကိုထည့်သွင်းသင့်တယ်ဆိုတာကိုဆွေးနွေးဖို့အတွက်သီးခြားအစည်းအဝေးတစ်ခုကျင်းပပါလိမ့်မယ်။အစည်းအဝေးတက်ရောက်ဖို့တိုင်းရင်းသားကိုယ်စားလှယ်တွေနဲ့ JMC ကအရာရှိတွေကိုကျွန်တော်တို့ဖိတ်ကြားသွားမှာပါ" ဟုစောအိုင်းဇက်ဖိုးကထပ်ပေါင်းပြောကြားခဲ့သည်။

Link: http://www.irrawaddy.com/burma/mpc-to-be-renamed-national-reconciliation-and-peace-center.html

# တရားဥပဒေနှင့်အုပ်ချုပ်မှု

## အတင်းအကြပ်လုပ်အားပေးခိုင်းစေမှုများရပ်တန့်သွားစေရန်နှင့်ကလေးအလုပ်သမားဥပဒေများအကျိုးသက်ရောက်မှုရှိစေရန်ဆောင်ရွက်သွားမည်ဟုအစိုးရမှကတိပြု

Mizzima , 2 May 2016

အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနသည်နိုင်ငံတကာအလုပ်သမားနေ့ဖြစ်သည့်ယမန်နေ့၌ကြေငြာချက်တစ်စောင်ထုတ်ပြန်ကြေငြာခဲ့သည်၊ကြေငြာချက်တွင်အတင်းအဓမ္မလုပ်အားပေးခိုင်းစေခြင်းများအပါအဝင်အလုပ်သမားအခွင့်အရေးများကိုမြှင့်တင်ဆောင်ရွက်အကာအကွယ်ပေးသွားမည်ဖြစ်ပြီးကလေးသူငယ်အလုပ်သမားဥပဒေများကိုလည်းပိုမိုအကျိုးရှိခိုင်မာအောင်ဆောင်ရွက်သွားမည်ဟုကတိပေးပြောကြားလိုက်ကြောင်းမြန်မာ့အလင်းသတင်းစာကမေလ(၂)ရက်နေ့တွင်အစီရင်ခံတွင်ဖော်ပြခဲ့သည်။




ယင်းကြေငြာချက်ထဲတွင်အလုပ်ခွင်၌အခွင့်အရေးများမြှင့်တင်ဆောင်ရွက်ရေး၊သင့်တော်သောအလုပ်အကိုင်အခွင့်အရေးများရရှိရန်အားပေးတိုက်တွန်းခြင်း၊လူမှုရေးပိုင်းဆိုင်ရာကာကွယ်ပေးမှုများတိုးမြှင့်ရေးနှင့်အလုပ်သမားများနှင့်ဆက်စပ်နေသည့်အကြောင်းအရာများအပေါ် အပြန်အလှန်ဆွေးနွေးမှုများအခိုင်အမာရရှိရေးစသည်တို့ကိုလုပ်ဆောင်ရာတွင်အစိုးရနှင့်အတူပါဝင်ဆောင်ရွက်ကြရန်စိတ်ပါဝင်စားသူလုပ်ဖော်ကိုင်ဖက်အားလုံးကိုဖိတ်ခေါ်ခဲ့သည်၊

နိုင်ငံတကာစံချိန်စံနှုန်းများနှင့်နိုင်ငံတကာအလုပ်သမားအခွင့်အရေးလက်တွေ့ဆောင်ရွက်မှုများစသည်တို့ကိုနိုင်ငံတကာနှင့်တတန်းထဲရှိစေရန်အတွက်အလုပ်သမားအခွင့်အရေးများနှင့်ဆက်စပ်နေသည့်ပြည်တွင်းဥပဒေများကိုအစိုးရမှပြန်လည်သုံးသပ်နေသည်။မြန်မာ့လွှတ်တော်သည်မကြာသေးမီကပင်နိုင်ငံ၏အလုပ်သမားဥပဒေကိုပြန်လည်ပြင်ဆင်ခဲ့ပြီးအသစ်တစ်ခုကိုအတည်ပြုနိုင်ခဲ့သည်ဟုအစီရင်ခံစာတွင်ဖော်ပြခဲ့သည်။

Link: http://www.mizzima.com/news-domestic/government-vows-end-forced-labour-enforce-child-labour-laws

## စီးပွားရေးနှင့်ဖွံ့ဖြိုးတိုးတက်မှု

### ဘုရားသုံးဆူနယ်စပ်အားအဆင့်မြှင့်တင်ရန်ကြိုးပမ်းမည်

Bangkok Post, 23 April 2016

မြန်မာနိုင်ငံနှင့်အတူကမ္ဘာလှည့်ခရီးသွားလာရေးနှင့်ကုန်သွယ်ရေးအရှိန်အဟုန်မြင့်ကြီးထွားလာစေရန်အတွက်ပံ့ပိုးပေးရန်အလို့ငှာကန်ချနဘူရီရှိဘုရားသုံးဆူဂိတ်အားယာယီနယ်စပ်ဖြတ်ကျော်ဂိတ်မှပုံသေဂိတ်တစ်ခုအဖြစ်အစိုးရမှမြှင့်တင်ဆောင်ရွက်ပေးရန်အတွက်လူဝင်မှုကြီးကြပ်ရေးဌာနမှအဆိုပြုမည်ဖြစ်သည်။



ဆန်ခလဘူရီခရိုင်ရှိနယ်စပ်ဖြတ်သန်းသည့်ဂိတ်သို့ဒုတိယရဲဗိုလ်ချုပ်ကြီး Nathathorn Prousoontorn ကစနေနေ့၌သွားရောက်လည်ပတ်စဉ်အတွင်းပြောကြားခဲ့ခြင်းဖြစ်သည်။နယ်စပ်ဖြတ်သန်းခြင်းသည်ပိုမိုအရေးပါလာမည်ဖြစ်ကြောင်း၊အဘယ့်ကြောင့်ဆိုသော်မြန်မာနိုင်ငံရှိဘုရားသုံးဆူနှင့်အတူနယ်စပ်ကုန်သွယ်ရေးတန်ဖိုးသည်ထိုနေရာများမှတဆင့်တဖြည်းဖြည်းတိုးလာကြောင်းငင်းမှပြောကြားခဲ့သည်။

ထိုင်းနိုင်ငံသည်လက်ရှိတွင်ပုံသေနယ်စပ်ဖြတ်ကျော်ဂိတ်(၃၇) ဂိတ်ရှိပြီးယာယီဖြတ်ကျော်ဂိတ်(၄၇)ဂိတ်ရှိသည်။ဘုရားသုံးဆူဂိတ်သည်ထိုင်းကုန်သည်ကြီးများအသင်းမှအဆင့်မြှင့်တင်ရန်အတွက်စီစစ်အတည်ပြုထားသည့်ဖြတ်သန်းဂိတ်(၅)ဂိတ်ထဲတွင်တစ်ခုအပါအဝင်ဖြစ်သည်။

**Link:** http://www.bangkokpost.com/news/transport/944909/upgrade-sought-for-three-pagodas-pass

## **မွန်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများအတွက်အိတ်ဖွင့်တင်ဒါခေါ်ယူ**

Mon News Agency, 1 May 2016

ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကဧပြီလ(၂၆)ရက်နေ့တွင်ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးခုစီမံကိန်းအတွက်တင်ဒါများခေါ်ယူနေပြီဖြစ်သည်။ စီမံကိန်းများကိုလမ်း၊ တံတား နှင့် ရေပေးဝေရေးလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်သွားရန်ဦးတည်ထားသည်။



လမ်းစီမံကိန်းတွင်ကွန်ကရစ်လမ်း(၁၈/၄.၇၈)မိုင်၊ ကတ္တရာလမ်း (၁၃/ ၁.၄) မိုင်၊ ကျောက်ခင်းလမ်း(၄/၄) မိုင်၊ မြေသားလမ်း(၂/ ၀.၂၈) မိုင်ပါဝင်သည်။ တံတားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွင်ကွန် ကရစ်တံတား ၁၁ စင်း(၄၃၉ပေ) နှင့် သစ်သားတံတား ၁ စင်း(၄၀) ပေပါဝင်သည်။ထို့ပြင်ရေပေးဝေရေးစီမံကိန်းတွင် တွင်းတိမ်(၁၂) တွင်း၊ တွင်းနက်(၂၀)တွင်း၊ လက်တူးတွင်း(၁၇) တွင်း၊ မြေသားရေကန်(၈)ကန်စသည်တို့ ပါဝင်သည် ဟုကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကတည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက်မွန်ပြည်နယ်အခြေစိုက်ကုမ္ပဏီများထံအိတ်ဖွင့်တင်ဒါသွင်းရန်ဖိတ်ခေါ်သည့်ကြေငြာချက်တွင်ဖော်ပြထားသည်။

"ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနညွှန်ကြားရေးမှူးဦးမျိုးကြည်က ဒီ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ရန်ပုံငွေနဲ့ဆောင်ရွက်မယ့်လုပ်ငန်းတွေမှာလမ်း၊တံတား၊ရေပေးဝေရေးလုပ်ငန်းရယ်ဆိုပြီးတော့အဲ့ဒီလုပ်ငန်းတွေကိုတင်ဒါခေါ်ယူဖို့ဆောင်ရွက်နေပါတယ်၊ တင်ဒါခေါ်ယူတဲ့နေရာမှာအားလုံးသိရှိအောင်ပွင့်လင်းမြင်သာစွာနဲ့သတင်းစာထဲမှာထည့်သွင်းကြေငြာခဲ့ပါတယ်" ဟုပြောခဲ့သည်။

တင်ဒါအောင်မြင်သည့်လျှောက်လွှာရှင်များကိုသက်ဆိုင်ရာပြည်နယ်အစိုးရဌာနနှင့်ရုံးချုပ်များဆီသို့တင်ဒါကော်မတီမှအကြောင်းကြားမည်ဟုဦးမျိုးကြည်ကဆက်လက်ပြောကြားခဲ့သည်။

တင်ဒါလျှောက်လွှာကိုဧပြီလ(၂၆)ရက်နေ့မှမေလ(၂၆)ရက်နေ့အထိကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင်ရရှိနိုင်သည်ဟုကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဌာန၏အဆိုအရသိရှိရသည်။

Link: http://monnews.org/2016/05/01/mon-states-rural-development-projects-open-tender/

## **တနင်္သာရီရှိကမ္ဘာလှည့်ခရီးသွားလာရေးကိုမြှင့်တင်ပေးမည့်ထိုင်းရင်းနှီးမြှုပ်နှံမှုများ**

The Global New Light of Myanmar, 25 April 2016

ထိုင်းရင်းနှီးမြှုပ်နှံမှုများသည်တနင်္သာရီဒေသကြီးရှိကမ္ဘာလှည့်ခရီးသွားလာရေးကိုမြှင့်တင်ပေးရန်မျှော်မှန်းလျှက်ရှိသည်ဟုထိုင်းမီဒီယာများ၏ဖော်ပြချက်အရသိရှိရသည်။

ပုံပီပတ်ဟုအမည်ရသည့်ထိုင်းကုမ္ပဏီတစ်ခုသည်ဒေသကြီးတွင်အလားအလာရှိသည့်ကမ္ဘာလှည့်ခရီးသွားလာရေးလုပ်ငန်းအပေါ်ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရာ၌တနင်္သာရီဒေသတွင်ယူအက်စ်ဒေါ်လာ(၁၂၅)သန်းအရင်းအနှီးရှိသည့်နိုင်ငံတကာအဆင့်မီဟိုတယ်တစ်ခုဆောက်လုပ်နေသည်။

ဟိုတယ်အားမြေဧက(၅၀)ပေါ်တွင်ဆောက်လုပ်နေခြင်းဖြစ်ပြီး(၅)နှစ်အကြာတွင်ပြီးစီးရန်လျာထားသည်။ပုံပီပတ်သည်၁၉၉၉ခုနှစ်ကတည်းကပင်ဟိန္ဒသတ္တုတွင်းရှိသတ္တုတွင်းလုပ်ငန်းတွင်ပါဝင်ခဲ့သည်။

ယခုအခါရင်းနှီးမြှုပ်နှံမှုများသည်တနင်္သာရီဒေသကြီး၏ကမ္ဘာလှည့်ခရီးသွားလာရေးလုပ်ငန်းဆီသို့စီးဝင်လာနေပြီဖြစ်ပြီးအဓိကအားဖြင့်မြိတ်ခရိုင်ရှိဒိုမဲကျွန်းတွင်ဖြစ်သည်။ယူအက်စ်ဒေါ်လာ(၂၅)သန်းရင်းနှီးမြှုပ်နှံထားသည့်ဒိုမဲကျွန်းဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီသည်ကျွန်းတွင်အပန်းဖြေစခန်းစီးပွားရေးလုပ်ငန်းလုပ်ကိုင်ရန်စီစဉ်နေသည်။ကုမ္ပဏီသည်မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်ထံမှသဘောတူခွင့်ပြုချက်ရရှိထားနှင့်ပြီးပြီဖြစ်သည်။

“ထိုင်းရင်းနှီးမြှုပ်နှံသူတွေကတနင်္သာရီဒေသမှာရင်းနှီးမြှုပ်နှံဖို့စိတ်ဝင်စားနေကြပါတယ်။မြန်မာနိုင်ငံကကမ်းခြေနဲ့ ကျွန်းတွေမှာဟိုတယ်နဲ့အပန်းဖြေစခန်းတွေဖွံ့ဖြိုးတိုးတက်လာမှာပါ ” ဟုမြန်မာ့ကမ္ဘာလှည့်ခရီးသွားလာရေးဖက်ဒ ရေးရှင်းမှဒုတိယဥက္ကဋ္ဌဖြစ်သူဦးမောင်မောင်ဆွေကပြောခဲ့သည်။

Link: http://globalnewlightofmyanmar.com/thai-investments-promote-tourism-in-taninthayi/

## မွန်ပြည်နယ်ရှိမူလတန်းကျောင်းများတွင်နောက်ထပ်ကျောင်းဆရာ/ မ(၂၀၀)ထပ်ခန့်မည်

Burma News International, 2 May 2016

၂၀၁၆-၂၀၁၇ပညာသင်နှစ်အတွင်းမွန်ပြည်နယ်အခြေခံမူလတန်းကျောင်းများတွင်ခန့်မှန်းခြေအားဖြင့်ကျောင်းဆ ရာ/ မ(၂၀၀)ခန့်အားနေ့စားဆရာများအဖြစ်လုပ်ကိုင်ရန်ထည့်သွင်းသွားမည်ဟုမွန်ပြည်နယ်ပညာရေးဌာန၏ပြော ကြားချက်အရသိရှိရသည်။



“မွန်ပြည်နယ်မှာပညာတတ်တွေအများကြီးရှိပါတယ်။အခြားပြည်နယ်တွေနဲ့နှိုင်းယှဉ်ကြည့်လိုက်တဲ့အခါ၊ကျွန်တော်တို့ကျောင်းဆရာ/မအရေအတွက်ကိုတိုးဖို့မလိုပါဘူး။ကျွန်တော်တို့လေးအချိုးတစ်(ကျောင်းအုပ်တစ်ယောက်၊လက်ထောက်လေးယောက်)စနစ်နဲ့သွားဖို့လို့အပ်တယ်ဆိုရင်ကျွန်တော်တို့ပြည်နယ်မှာဆရာ/မပေါင်း(၁၉၁)ယောက်လိုအပ်ပါမယ်၊ဒါနဲ့ပတ်သတ်ပြီးအခုကျွန်တော်တို့အတွေ့အကြုံတွေရှိနေပါပြီ ” ဟုမွန်ပြည်နယ်ပညာရေးဌာနမှညွှန်ကြားရေးမှူးဖြစ်သူဦးမျိုးတင်အောင်ကပြောခဲ့သည်။

၂၀၁၆-၂၀၁၇ပညာသင်နှစ်အတွက်ပညာရေးစနစ်ကိုပြောင်းလဲရန်ဆုံးဖြတ်ချက်ကိုယခင်အစိုးရသက်တမ်းအတွင်းပြုလုပ်ခဲ့ခြင်းဖြစ်သည်။သူငယ်တန်းအရွယ်ကစားနည်း---KGနှင့်အထက်အစီအစဉ်စသည်တို့ကို၂၀၁၆ခုနှစ်၊ဇွန်လတွင်စတင်မည်ဖြစ်သည်။ ဤကဲ့သို့သောပညာရေးစနစ်တစ်ခုကိုအကောင်အထည်ဖော်ဆောင်ရွက်ခြင်းအရနောက်ထပ်ဆရာ/မများလိုအပ်သည်။

" ကျွန်တော်တို့ခန့်မှန်းခြေအားဖြင့်တော့၂၀၁၆-၂၀၁၇စနစ်မှာမူလတန်းအဆင့်အတွက်ကျောင်းတစ်ကျောင်းမှာကျောင်းအုပ်(၁)တစ်ဦး၊လက်ထောက်(၆)ဦးလိုအပ်ပါတယ်။ဒါပေမယ့်လည်းလက်ရှိအခြေအနေအရတော့ခြောက်အချိုးတစ်(ကျောင်းအုပ်၁ဦး၊လက်ထောက်၆ဦး)မပြောနဲ့လေးအချိုးတစ်(ကျောင်းအုပ်၁ဦး၊လက်ထောက်၄ဦး)ကိုတောင်ထောက်ပံ့ပေးဖို့အတွက်ကျွန်တော်တို့မှာအခက်အခဲတွေရှိနေပါတယ်"ဟု ဦးမျိုးတင်အောင်ကဆိုသည်။

မူလတန်းဆရာ/မနေရာများအတွက်လျှောက်ထားသူများသည်တက္ကသိုလ်မှဘွဲ့ ၊ မဟာဘွဲ့(သို့မဟုတ်) Ph.Dဘွဲ့ရရှိထားသူဖြစ်ရမည်ဟုလျှောက်လွှာပုံစံထဲတွင်ဖော်ပြထားသည်။

**Link:** http://bnionline.net/news/mon-state/item/1623-200-additional-teachers-for-primary-schools-in-mon-state.html

The content of the UNHCR Thailand Media Monitoring Reports does not reflect the official view or opinion of the UNHCR.

**Links:** Thailand-Myanmar Cross Border Web Portal: www.commonservice.info
Facebook: www.facebook.com/commonservice
www.facebook.com/commonserviceburmese
www.facebook.com/commonservicekaren